ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၈ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၁၈/၂၀၁၈)

ဦးမြင့်ဦး (MD)
ဦးခင်မောင်ဌေး (HR)
(အလုပ်ရှင်အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)
အောင်နိုင်သူပလတ်စတစ်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်
(Winner Plastic Manufacturing Co., Ltd.)
အမှတ် (၃၃)၊ ဒီပဲယင်းဝန်ထောက်ဦးမြလမ်း၊ စက်မှုဇုန် (၃)၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
နှင့်
ဦးနေမျိုးလင်း
အမှတ်(၂)ရပ်ကွက်၊ ဈေးလမ်း၊ တိုက်အမှတ် (၅၂)၊
နဝဒေးအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ } လျှောက်ထားသူ

နှင့်

ဦးနေမျိုးလင်း
အမှတ် (၂)ရပ်ကွက်၊ ဈေးလမ်း၊ တိုက်အမှတ် (၅၂)၊
နဝဒေးအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
နှင့်
ဦးမြင့်ဦး (MD)
ဦးခင်မောင်ဌေး (HR)
(အလုပ်ရှင်အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)
အောင်နိုင်သူပလတ်စတစ်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်
(Winner Plastic Manufacturing Co., Ltd.)
အမှတ် (၃၃)၊ ဒီပဲယင်းဝန်ထောက်ဦးမြလမ်း၊ စက်မှုဇုန် (၃)၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ } လျှောက်ထားခြင်းခံရသူ

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၃)၊ ဒီပဲယင်းဝန်ထောက်ဦးမြလမ်း၊ အမှတ် (၃၃)ရှိ ဦးမြင့်ဦး (MD)၊ ဦးခင်မောင်ဌေး (HR) (အလုပ်ရှင်၏အထူးကိုယ်စားလှယ်

လွှဲအပ်ခြင်းခံရသူ)၊ အောင်နိုင်ပလတ်စတစ်ထုတ်လုပ်မှုကုမ္ပဏီလီမိတက် (Winner Plastic Manufacturing Co., Ltd.)နှင့် အလုပ်သမား ဦးနေမျိုးလင်းတို့အကြားဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့က ထိုအငြင်းပွားမှုကို အငြင်းပွားမှုအမှတ် (၁၃/၂၀၁၈) အရ ကြားနာစစ်ဆေးပြီး ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုခြင်းခံရသူ ဦးမြင့်ဦး (MD)ထံတွင် တောင်းဆိုသူ အလုပ်သမား ဦးနေမျိုးလင်းက အလုပ်မှထုတ်ပယ်ခံရသဖြင့် အလုပ်ပြန်လည်လုပ်ကိုင်လိုကြောင်းနှင့် အလုပ်ပြန်လည်မခန့်ထားလိုပါက အလုပ်ရပ်စဲမှုနစ်နာကြေးရရှိလိုကြောင်း တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက်ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်စလုံးမှ အောက်ပါကောက်ချက်အမှတ်(၁)ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကိုကျေနပ်မှုမရှိ၍ ပြင်ဆင်မှုလျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်ရပ်စဲမှုနစ်နာကြေး ရထိုက်/ မရထိုက်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်သမား ဦးနေမျိုးလင်းအား ကရုဏာကြေး (၂)လစာပေးရန် ဆုံးဖြတ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁၃/၂၀၁၈) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်စလုံးမှ ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှုလျှောက်ထားလာသဖြင့် အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၈) ဖြင့် ခုံသမာဓိကောင်စီ၊ အမှုအမှတ် (၁၈/၂၀၁၈)အား ကြားနာစစ်ဆေးမည့် ဝန်ကြီးဌာနကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးသန်းဇော်၊ အလုပ်သမားကိုယ်စားလှယ် ဦးရဲကျော်သူတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့ကိုမှ လွှဲပြောင်းပေးပို့တင်ပြလာသည့် မှတ်တမ်းများ၊ စာရွက်စာတမ်းအထောက်အထားများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်-

တောက်ချက်အမှတ်(၁)။ အလုပ်ရပ်စဲမှုနစ်နာကြေး ရထိုက်/မရထိုက်။

**တွေ့ရှိချက်**

၆။ ဦးမြင့်ဦးပိုင်ဆိုင်သော Winner Plastic Manufacturing Co., Ltd. သည် အလုပ်သမားကျား (၆၈)ဦး၊ မ(၁၃)ဦး၊ စုစုပေါင်း (၈၁)ဦးရှိပြီး စက်ရုံတွင်းလုပ်ငန်းညှိနှိုင်းရေးကော်မတီရှိ၍ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် (EC)ချုပ်ဆိုထားရှိပါသည်။ အလုပ်သမား ဦးနေမျိုးလင်းနှင့်လည်း EC ချုပ်ဆိုထားခြင်းရှိပါသည်။

၇။ အလုပ်သမား ဦးနေမျိုးလင်းသည် ၂၉-၁၁-၂၀၁၁ ရက်နေ့မှစ၍ Winner Plastic Manufacturing Co., Ltd. တွင် အထွေထွေအလုပ်သမားအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ၂၉-၅-၂၀၁၇ ရက်စွဲဖြင့် ညတာဝန်ကျချိန်တွင် အခြားသူနှင့် ရန်ဖြစ်စကားများခဲ့ခြင်းအတွက် ပထမအကြိမ်သတိပေးစာတွင်လက်မှတ်ထိုးရခြင်း၊ ၁၀-၉-၂၀၁၇ ရက်စွဲဖြင့် ညတာဝန်ကျချိန်တွင် ခြင်ဆေးခွေထွန်း၍အိပ်စက်ရာ ခြင်ဆေးမီးကြောင့် ကျောင်းဆောင်အောက်ခြေအနည်းငယ် မီးစွဲခဲ့ခြင်း အတွက် ဒုတိယအကြိမ်သတိပေးစာတွင် လက်မှတ်ထိုးရခြင်း၊ ၂၂-၁၁-၂၀၁၇ ရက်စွဲဖြင့် ဝန်ထမ်းကတ်မဆွဲခြင်း၊ မချေမငံပြောဆိုရိုင်းပြခြင်းနှင့် တာဝန်ချိန်တွင် ခွင့်ပြုချက်မရှိဘဲ မိမိသဘောဆန္ဒဖြင့် ပြင်ပသို့ထွက်ခွာခြင်းအတွက် တတိယအကြိမ် သတိပေးစာတွင် လက်မှတ်ထိုးရခြင်း၊ ၁၃-၁-၂၀၁၈ ရက်စွဲဖြင့် ဖုန်းအသုံးပြုခြင်းကြောင့် စတုတ္ထအကြိမ်သတိပေးစာနှင့်အတူ အလုပ်သမား ဦးနေမျိုးလင်း အား အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် အပိုဒ်(၁၅)၊ အပိုဒ်ခွဲ (ခ/၂) အရ မည်သည့် နစ်နာကြေးမျှမရဘဲ အလုပ်မှရပ်စဲထုတ်ပယ်လိုက်သည်ဆိုသည့်စာအား တွေ့ရှိရသည်။

၈။ အလုပ်ရှင်၏ကိုယ်စားလှယ်မှထွက်ဆိုရာတွင် - လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် ၁၆-၁-၂၀၁၈ နှင့် ၁၈-၁-၂၀၁၈ ရက်နေ့တွင်ညှိနှိုင်းပေးခဲ့သော်လည်း အလုပ်သမားဘက်မှ အချိန်ကုန်၍ ခုံသမာဓိအဖွဲ့သို့အမှုအားလွှဲပြောင်းပေးရန် တောင်းဆိုမှုကြောင့် ယခုကဲ့သို့အဆင့်ဆင့်တက်လာရ ခြင်းဖြစ်ကြောင်း၊ ဖုန်းအသုံးပြုခြင်းနှင့်ပတ်သက်၍ စက်ရုံတွင် ဖုန်းယူမလာရ/ ဖုန်းမသုံးရဟု ဗီနိုင်းကပ်ထားကြောင်း၊ အလုပ်ရပ်စဲမှုနစ်နာကြေးမပေးလိုကြောင်းနှင့် လုပ်သက်ရလုပ်ခကြေးတစ်လစာ သာ ပေးလိုကြောင်း ထွက်ဆိုပါသည်။

၉။ အလုပ်သမားမှထွက်ဆိုရာတွင် - ဖုန်းအသုံးပြုခြင်းမဟုတ်ကြောင်း၊ ဖုန်းကိုစက်ခုံပေါ်တွင် တင်ထားခြင်းသာဖြစ်ကြောင်း၊ နာရီမရှိ၍ဖုန်းမှနာရီကိုသာကြည့်ရခြင်းဖြစ်ကြောင်း၊ ခုံသမာဓိကောင်စီ ၏ဆုံးဖြတ်ချက်ကိုလိုက်နာမည်ဖြစ်ကြောင်းထွက်ဆိုပါသည်။

**သုံးသပ်ချက်**

၁၀။ ၂၄-၅-၂၀၁၇ ရက်နေ့တွင် ဦးမင်းဇော်ထွန်းနှင့် ဦးနေမျိုးလင်းတို့ အလုပ်နှင့်ပတ်သက်ပြီး စကားအချေအတင်ဖြစ်ခဲ့သဖြင့် စက်ရုံမှ ၂၉-၅-၂၀၁၇ ရက်စွဲပါ ပထမအကြိမ်စာဖြင့် သတိပေးခဲ့

ကြောင်း၊ ၁၀-၉-၂၀၁၇ ရက်နေ့တွင် လုံခြုံရေးညတာဝန်ကျချိန်တွင် ဘုရားခန်း၌ ခြင်ဆေးမီးထွန်း၍ အိပ်စက်ရာ ခြင်ဆေးမီးကြောင့် ကျောင်းဆောင်အောက်ခြေ အနည်းငယ်မီးစွဲခဲ့သဖြင့် ဒုတိယအကြိမ် စာဖြင့်သတိပေးခဲ့ကြောင်းနှင့် ယင်းအပေါ်တွင် ဦးနေမျိုးလင်း လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ၂၀-၁၁-၂၀၁၇ ရက်နေ့တွင် ဝန်ထမ်းကတ်ဆွဲရန် ပြောကြားရာ မချေမငံရိုင်းစိုင်းစွာခြိမ်းခြောက်ခြင်းကြောင့် နောက်ဆုံးအကြိမ်ခံဝန်လက်မှတ် ရေးထိုးစေခဲ့သော်လည်း ဦးနေမျိုးလင်းမှ လက်မှတ်ရေးထိုးခြင်းမပြုခဲ့ကြောင်း၊ ၁၃-၁-၂၀၁၈ ရက်နေ့တွင် လုပ်ငန်းခွင်အတွင်း ဖုန်းအသုံးပြုသဖြင့် EC အပိုဒ် ၁၃ (က/၃၈)အရ အလုပ်ရပ်စဲမှု နစ်နာကြေးမပေးဘဲ အလုပ်မှရပ်စဲခဲ့ကြောင်း၊ ဖုန်းအသုံးပြုမှုကိုစစ်ဆေးရာတွင် သက်သေ အထင်အရှားမပြနိုင်ကြောင်း၊ သို့သော် EC)တွင် “ဖုန်းအသုံးမပြုရ” ဟု ဖော်ပြထားသော်လည်း “ဖုန်းမယူလာရ” ဟု ဖော်ပြထားခြင်းမရှိကြောင်း၊ ဗီနိုင်းတွင်သာ “ဖုန်းမယူလာရ” “ဖုန်းအသုံးမပြုရ” ဟု ဖော်ပြထားကာ စက်ရုံတွင် ကပ်ထားကြောင်း၊ အလုပ်သမားသည် အဆိုပါစက်ရုံတွင် လုပ်ကိုင်ခဲ့သည်မှာ လုပ်သက် (၆)နှစ်ကျော်ရှိကြောင်း၊ အလုပ်မှထုတ်ပယ်ခံရသည့်အတွက် ၎င်း၏မိသားစုစားဝတ်နေရေးအား ထောက်ထား၍လည်းကောင်း၊ အလုပ်ရှင်ဖက်မှ နစ်နာကြေးမပေးနိုင်သော်လည်း အလုပ်သမားအား လူမှုကရုဏာကြေးအဖြစ် အခြေခံလစာ (၁)လစာကိုသာပေးလိုသည်ဟု တင်ပြထွက်ဆိုထားပါသည်။ ထိုသို့ပေးအပ်ရာတွင် အခြေခံလစာအပြင် လုပ်သက်ဆုကြေး၊ ရှားပါးစရိတ်များလည်း အလုပ်သမားကရရှိခံစားသင့်သည်ဟု ခုံအဖွဲ့အနေဖြင့် သုံးသပ် ပါသည်။

၁၁။ ဖုန်းအသုံးပြုခြင်းကိစ္စအား အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက် စာချုပ် (EC) နောက်ဆက်တွဲ (က)၊ (ခ)တွင် “ဖုန်းမသုံးရ” “ဖုန်းမယူလာရ”ဟု တိကျစွာထည့်သွင်းသတ်မှတ်ပါ က သက်ဆိုင်ရာအလုပ်သမားများအနေဖြင့် စည်းကမ်းလိုက်နာမှု ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ခုံအဖွဲ့အနေဖြင့် အကြံပြုအပ်ပါသည်။

၁၂။ အထက်ဖော်ပြပါအချက်အလက်များအရ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်စွဲပါ ဆုံးဖြတ်ချက် အမှတ် (၁)အား အောက်ပါအတိုင်းဆုံးဖြတ်လိုက်သည် -

ဆုံးဖြတ်ချက်အမှတ်(၁)။ အောင်နိုင်သူပလပ်စတစ်ထုတ်လုပ်မှုကုမ္ပဏီလီမိတက် (Winner Plastic Manufacturing Co., Ltd) အလုပ်ရှင်က အလုပ်သမား ဦးနေမျိုးလင်းအား လူမှုကရုဏာကြေးအဖြစ် နောက်ဆုံးထုတ် လစာဖြစ်သည့် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ လစာအား အခြေခံလျက် အခြေခံလစာ ၁၁၁,၆၀၀ိ/-၊ လုပ်သက်ဆုကြေး ၁၀,၀၀၀ိ/-၊ ရှားပါးစရိတ်

၂၉,၀၀၀/-၊ စုစုပေါင်း ၁၄၁,၆၀၀/- (ကျပ်တစ်သိန်းလေးသောင်းတစ်ထောင့်ခြောက်ရာတိတိ) အားပေးစေရန် ပြင်ဆင်ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသောနေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၃။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀အတွင်း ပေးရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| ဦးသန်းမောင် | ဒေါက်တာသန်းဝင်း | ဦးရဲကျော်သူ |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |